# မြန်မာ: ဆန်စပါးဈေးနှုန်းများမတည်ငြိမ်မှုကြောင့် လယ်သမားများအကျိုးစီးပွား ဆုံးရှုံး

နိုဝင်ဘာ ၂၄၊ ၂၀၁၄

**အဓိကဖြစ်စဉ်များ**

- **မြန်မာ့ဆန်ဈေးနှုန်းအတက်အကျများသည် ဗီယက်နမ်၊ ထိုင်း နှင့် ကမ္ဘောဒီးယားတို့ကဲ့သို့ ဆန်တင်ပို့သော အိမ်နီးချင်းနိုင်ငံများရှိ ဈေးနှုန်းအတက်အကျများထက် ပိုမိုသိသာထင်ရှားသည်။**
- **ဆန်စပါးအများစုကို တစ်နှစ်လုံးမှာမှ နှစ်လအတွင်းတွင်သာ ရိတ်သိမ်းသောကြောင့် ရိတ်သိမ်းပြီးသောအခါ ဈေးထိုးကျတတ်ပြီး ခြောက်သွေ့ရာသီတွင် ဈေးထိုးတက်သည်။**
- **စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ပိုမိုကောင်းမွန်သော စီးပွားရေးပတ်ဝန်းကျင်အနေ အထားရအောင် ရင်းနှီးမြှုပ်နှံပါကဆန်ဈေးမတည်ငြိမ်မှု လျော့ကျလာဖွယ်ရှိသည်။**
- **ရန်ကုန်၊ မြန်မာ-** နာမည်ကြီးမြန်မာတက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိခဲ့သူ ဦးမျိုးမြင့်သည် အောင်မြင်သော စပါးစိုက်သူလယ်သမားတစ်ဦး ဖြစ်လာရန် တစ်ကြိမ်တစ်ခါက ရည်ရွယ်ချက် ပြင်းပြခဲ့သည်။ ဥက္ကံမြို့သားဖြစ်သည့် ၎င်းသည် မြေကွက်ကြီးဝယ်ယူခဲ့ပြီး စာအုပ်ပါအတိုင်းရော၊ သက်ကြီး စကားသက်ငယ်ကြားခဲ့သည့်အတိုင်းပါ အရာရာလိုက်လုပ်ခဲ့သော်လည်းအကျိုးအမြတ် ပြန်လည် မရရှိခဲ့ပေ။
- *"ကျွန်တော် စိုက်ပျိုးရေး ဘောဂဗေဒနဲ့ ဂိုဏ်းဘွဲ့ရပြီးတော့ စိုက်ပျိုးမြေ ၇၅ ဧက ပိုင်ဆိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် ဖွတ်မင်းက နောင်တော်ခေါ်ရအောင်ဆင်းရဲပါတယ်"* ဟု ဦးမျိုးမြင့်ကပြောသည်။
- ၎င်းသည် ပြီးခဲ့သော စပါးစိုက်ပျိုးသည့်ရာသီက သူ၏အသုံးစရိတ်များကို တစ်ခုချင်းတွက်ပြခဲ့ပြီး မဖြစ်စလောက် အမြတ်အစွန်းဖြစ်သည့် တစ်ဧကလျှင် ဒေါ်လာ ၅၀ နှုန်း (သူ၏ လယ်မြေ ၇၅ ဧကလုံးမှ စုစုပေါင်း ဒေါ်လာ ၃၇၅၀) - ရကြောင်းကိုလည်း ပြောပြသည်။ ဤအမြတ်အစွန်း ပမာဏသည် သူ့မိသားစု ၏ အစားအသောက်၊ နေထိုင်စရိတ်များ၊ ကျောင်းလခများ နှင့် ကျန်းမာရေးစောင့်ရှောက်မှု စရိတ်စကများကို ဖူလုံစေရန် မလုံလောက်ပေ။
- မြန်မာနိုင်ငံရှိ လယ်သမားအများစုသည် သူ့ထက်ပင် ဝင်ငွေနည်းပါးကြသည်။ ဇီးကုန်းမြို့မှ ဦးဖြိုးသည် သူစပါးစိုက်ရာမြေ ၉ဧက ကို ပိုင်ဆိုင်သည်။ သူ၏ ဝင်ငွေဖြင့် အလျင်မီအောင်စားရန်ပင်ခက်ခဲသည်။
- **ဆင်းရဲနွမ်းပါးမှု၏ မကောင်းကျိုးသံသရာသည် ချိုးဖျက်ရန်ခဲယဉ်းသည်။**
- ဦးမျိုးမြင့် နှင့် ဦးဖြိုးတို့နှစ်ဦးစလုံးသည် ဆည်ရေပေးသွင်းခြင်းစနစ်မရှိသည့် လယ်မြေကို ပိုင်ဆိုင်ကြသည်။ မိုးရာသီတွင်သာ စပါးစိုက်ပျိုးရုံမှလွဲ၍ သူတို့တွင် ရွေးချယ်စရာမရှိပေ။
- သူတို့၏ အပိုရင်းနှီးငွေအထောက်အပံ့ရရှိမှုမှာလည်း အလွန်အမင်းနည်းပါးသည်။ မြန်မာ့ လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဘဏ်သည် ချေးငွေများ ကို ခြောက်လသာထုတ်ချေးသည်။ ဆိုလိုသည်မှာ လယ်သမားများ သည် သူတို့၏ စပါးအားလုံးကို ရိတ်သိမ်းပြီးသည်နှင့် သူတို့၏ကြွေးမြီများ ပြန်လည် ပေးဆပ်ရန် ဈေးအနိမ့်ဆုံးအချိန်တွင် ချက်ချင်း ရောင်းချရသည်။ အတိုးနှုန်းမြင့်သော်လည်း ပုဂ္ဂလိကငွေတိုးချေးစားသူများထံ မှ ချေးငှားခြင်းသည် သူတို့၏ လုပ်ငန်းတည်မြဲစေရန် မရှိမဖြစ် အရေးပါလာသည်။ အကျိုးရလဒ်အနေဖြင့် လယ်သမားအားလုံး ကြွေးထူ ကုန်ကြသည်။
- *"လယ်သမားအားလုံး တူညီတဲ့ စိန်ခေါ်မှုတွေကို ကြုံးစားရှုန်းကန်နေကြရတယ်။ ရိတ်သိမ်းပြီးတဲ့အခါ အရမ်းဈေးနည်းတာ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစရိတ်တွေ တက်လာတာ နဲ့ ကျွန်တော်တို့လို*

*လယ်သမားတွေအတွက် သင့်တော်တဲ့ ဘဏ်ချေးငွေရဖို့ ခဲယဉ်းတာတွေကို ကျွန်တော်တို့ ရင်ဆိုင်နေကြရပါတယ်။"* ဟု **ဦးဖြိုး**က ပြောကြားခဲ့သည်။

- မြန်မာ့လူဦးရေ ၅၁ သန်း၏ ထက်ဝက်မျှသည် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုကို လုပ်ကိုင်ကြသည်။ ၎င်းတို့အများစုသည် ဆင်းရဲနွမ်းပါးမှုမျဉ်းနှင့်နီးကပ်စွာ နေထိုင်နေကြရပြီး ဆန်ဈေးနှုန်းများ မခန့်မှန်းနိုင်လောက်အောင် ပြောင်းလဲနေသောအခါများတွင် ဝေါ်မွတ်ဆင်းရဲနိုင်သည့် အန္တရာယ် အနေ အထားတွင် ရောက်ရှိနေကြသည်။
- **ဆန်ဈေးနှုန်းများသည် မတည်ငြိမ်**
- လွန်ခဲ့သောငါးနှစ်အတွင်း ဆန်ဈေးနှုန်းများသည် စားသုံးသူများအတွက် ၄၀%မြင့်တက်လာခဲ့သည်။ ဆန်ဈေးနှုန်းများ ပြောင်းလဲမှုများသည် ထိုင်း၊ ဗီယက်နမ် နှင့် ကမ္ဘောဒီးယားတို့ကဲ့သို့သော ဆန်တင်ပို့သည့်အိမ်နီးချင်းပြိုင်ဘက်နိုင်ငံများ၏ ဈေးနှုန်းပြောင်းလဲမှုများထက် ပိုမိုမြန်ဆန်၍ သိသာထင်ရှားလာသည်။
- ကမ္ဘာ့ဘဏ်၏ **"မြန်မာ- ဆန်ဈေးနှုန်းမတည်ငြိမ်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်း"** အစီရင်ခံစာတွင် ဆန်ဈေးနှုန်းမတည်ငြိမ်မှု မြင့်တက်လာရခြင်းမှာ အများအားဖြင့် ပြည်တွင်းရေး အကြောင်းတရားများကြောင့် ဖြစ်ကြောင်း တင်ပြထားသည်။
- အပင်ကြီးထွားရန်ယူသည့်အချိန်နှင့် ရင့်မှည့်ချိန်အမျိုးမျိုးရှိသော အရည်အသွေးကောင်း မျိုးစေ့များ ပြတ်လပ်မှုကြောင့် ဆန်စပါးအများစုကို မိုးရာသီပြီးဆုံးချိန် (နိုဝင်ဘာလနှင့် ဒီဇင်ဘာလ)တွင် ထုတ်လုပ်သည်။ ဤသို့ဖြစ်ရခြင်းမှာ ဆည်ရေပေးသွင်းခြင်းစနစ် မရှိခြင်းကြောင့်လည်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် ပြည်တွင်းဆန်ဈေးကွက်သည် လောလောလတ်လတ် ရိတ်သိမ်းထားသော ဆန်စပါးများဖြင့် မတန်တဆပြည့်နေပြီး ဈေးနှုန်းများကျဆင်းသွားသည်။
- ဇန်နဝါရီလတွင် ဆန်ဈေးနှုန်းများ ပိုလို့ပင်ကျဆင်းသွားပြီး လယ်သမားများမှာ ရွေးချယ်စရာမရှိတော့၍ သူတို့၏ဆန်စပါးများကို ရောင်းချကြရသည်။ မြန်မာနိုင်ငံတွင် ဆန်ကို ဈေးကောင်းပြီးအမြတ်ပိုရချိန် အထိ သိမ်းဆည်းသိုလှောင်ထားနိုင်မည့် စပါးလှောင်ရုံများ လယ်သမားများ၌ မရှိပေ။

***"လယ်သမားအားလုံး တူညီတဲ့ စိန်ခေါ်မှုတွေကို ကြုံးစားရုန်းကန်နေကြရတယ်။ ရိတ်သိမ်းပြီးတဲ့အခါ အရမ်းဈေးနည်းတာ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစရိတ်တွေ တက်လာတာ နဲ့ ကျွန်တော်တို့လို လယ်သမားတွေအတွက် သင့်တော်တဲ့ ဘဏ်ချေးငွေရဖို့ခဲယဉ်းတာတွေကို ကျွန်တော်တို့ရင်ဆိုင်နေကြရပါတယ်။"***

ဦးဖြိုး

**စိုက်ပျိုးရေးတွင် လိုအပ်နေသော ရင်းနှီးမြှုပ်နှံခြင်းများ**

သီးနှံရိတ်သိမ်းသည့်ရာသီသည် ရွှေရေးဆန်စက် တစ်နှစ်တာလုံးတွင် တစ်ကြိမ်တည်းသာ အရှိန်အဟုန် အပြည့်ဖြင့် လည်ပတ်သော ကာလဖြစ်သည်။ နှစ် ၁၂ဂ သက်တမ်းရှိ ထိုသစ်သားဆန်စက်သည် ယခုအချိန်ထိ ရေနွေးငွေ့စက်ဖြင့်လည်ပတ်ဆဲဖြစ်သည်။ ၎င်းဆန်စက်ပိုင်ရှင်ဖြစ်သူ ဒေါ်မြင့်မြင့်သောင်း၏ ပြောကြားချက်အရ ဆန်စက်သည် အနီးအနားရှိ ရွာပေါင်း ၂၉ ရွာမှထွက်သည့်စပါးများကိုကြိတ်ခွဲပေးနေသည်။

*"အကယ်၍ ကျွန်မတို့ နောက်ခြောက်လအတွင်း ဆန်စက်ရဲ့ပစ္စည်းကိရိယာတွေကို အစားထိုးဖို့ ဒေါ်လာ ၅ သိန်းဖိုးလောက် အရင်းအနှီးမလုပ်နိုင်ရင် ကျွန်မတို့ကို အဲဒီဆန်စက်ကို ပိတ်လိုက်ရနိုင်ပါတယ်။"* ဟု **ဒေါ်မြင့်မြင့်သောင်း**က ပြောကြားခဲ့သည်။

ဆန်ကြိတ်ခွဲခြင်း၏ စွမ်းဆောင်ရည်နှင့် အရည်အသွေး တိုးတက်လာစေရန် နှင့် ကိရိယာတန်ဆာပလာများနှင့် စက်ပစ္စည်းကိရိယာများ ပိုမိုကောင်းမွန်လာစေရန်အတွက် ဆန်စက်များ၏ ၈၅% နီးပါးသည် အရင်းအနှီး မတည်ငွေ လိုအပ်နေသည်။ စိုက်ပျိုးရေးမှဝင်ငွေပိုရစေရန်နှင့် မြန်မာ့ဆန်ကို ပို၍တွက်ချေကိုက်သည့် ပို့ကုန်ဈေးကွက်သစ်များဆီသို့ ရောက်ရှိစေရန် အရည်အသွေးပိုကောင်းသည့် ဆန်ကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့ အဓိကလိုသည်။

မြန်မာ့ပြည်တွင်းဆန်ဈေးကွက်ကို ကမ္ဘာ့ဆန်ဈေးကွက်နှင့် ပေါင်းစပ်နိုင်ရန်မှာ ကျေးလက်ဒေသလမ်းပန်းဆက် သွယ်ရေးနှင့် တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းအခန်းကဏ္ဍများသည် ပဓာနကျသည်။

**ဈေးနှုန်းမတည်ငြိမ်မှုကိုထိန်းရန်အတွက်အချိန်လိုအပ်**

ဆန်ဈေးနှုန်းမတည်ငြိမ်မှုကို လျှော့ချရန် အားထုတ်ကြိုးပမ်းရာတွင် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း တစ်စိုက်မတ်မတ်လုပ်ခြင်း၊ အချိန်ပေးခြင်းနှင့် အရင်းအနှီးများ လိုအပ်သည်။ ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာ အသစ်အရ ဆန်ကြိတ်ခွဲခြင်းနှင့် ကုန်လှောင်ရုံအခန်းကဏ္ဍတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြု ပေးခြင်းသည် မြန်မာနိုင်ငံအတွက် ရှေ့လမ်းစဉ်ဖြစ်သည်။ ခေတ်မီ ဆန်စက်များနှင့် စပါးလှောင်ရုံ များသည် ပုဂ္ဂလိကလက်တွင်းဆန်စပါးထားရှိနိုင်မှုအတွက် ပိုမို ကူညီနိုင်မည်ဖြစ်ပြီး အကျိုးဆက် အားဖြင့် ဆန်ဈေး အတက်အကျ ကို ခုခံပေးထားနိုင်မည်ဖြစ်သည်။ ပို၍စွမ်းဆောင်ရည် ပြည့်ဝသော ဆန်စက်များ သည် ဆန်စပါး အထွက်နှုန်း ပိုမိုမြင့်မားလာစေရန် အစပျိုးပေးပြီး စိုက်ပျိုးရေး အဆင့်အတန်း အရည်အသွေး တိုးတက် မှုအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

လယ်သမားများသည် ဆည်ရေရရှိရန်လိုသလို ရိတ်သိမ်းချိန်အမျိုးမျိုးရှိပြီး နိုင်ငံခြားတင်ပို့ရန် အလား အလာကောင်းရှိသော ကောက်ပဲသီးနှံမျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်သည့် အခွင့်အလမ်း လည်း လိုအပ်သည်။ ထို့အပြင် ၎င်းတို့သည် ထုတ်လုပ်မှုသံသရာကို တိုးချဲ့ရန်နှင့် သူတို့၏ ဆန်စိုက်ပျိုး ထုတ်လုပ်မှုနှင့် အကျိုးအမြတ်တိုးပွားလာစေရန် ကူညီပေးမည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာ များနှင့် ပတ်သက်သည့် အကြံဉာဏ် လိုအပ်သည်။

ဦးမျိုးမြင့် နှင့် ဦးဖြိုးတို့ကဲ့သို့သော လယ်သမားများအတွက်မူ လယ်လုပ်ငန်းမှဝင်ငွေပိုရရှိအောင်လုပ်နိုင်သည့် စွမ်းပကားသည် ပိုမိုကောင်းမွန်သော စားနပ်ရိက္ခာလုံခြုံမှုရရှိရန်နှင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရန် အဓိကနည်းလမ်းများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။